# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 16 , 2022 | Volume 55, Number 12


| ၁၆.၆.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၃၂ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၅၇၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၉၅ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၂၇.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၃၁.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၄၅.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၅.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၀၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၀.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၇၁၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မူဆယ်(၁၀၅)မိုင်မှ ပြည်ပသို့ ဆန်၊ ပဲ၊ ပြောင်း၊ ဖရဲနှင့်သခွားတင်ပို့သည့် ကုန်တင်ကားအစီးရေ ၈၀၀ ကျော်ရှိလာ

မူဆယ်(၁၀၅)မိုင်မှ ပြည်ပသို့ ဆန်၊ ပဲ၊ ပြောင်း၊ ဖရဲနှင့်သခွားတင်ပို့သည့် ကုန်တင်ကား တစ်ရက်လျှင်အစီးရေ ၈၀၀ ကျော်ရှိလာကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း(မူဆယ်မြို့) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က ပြောပြ၍သိရသည်။ ယခုလက်ရှိ မူဆယ်(၁၀၅)မိုင်မှတစ်ဆင့် ပြည်ပသို့ ဆန်၊ ပဲ၊ပြောင်း၊ ဖရဲနှင့်သခွားတင်ပို့သည့်ကုန်တင်ကားများ ယခင်ကထက်ပိုမိုများပြားလာကြောင်း၊ ယခင်က မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ပြည်ပသို့ ဆန်၊ ပဲ၊ ပြောင်း၊ ဖရဲနှင့်သခွားတင်ပို့သည့် ကုန်တင်ကား တစ်ရက်လျှင် အစီးရေ ၄၀၀ ကျော်သာရှိခဲ့သော်လည်း လက်ရှိတွင် တစ်ရက်လျှင် အစီးရေ ၈၀၀ ကျော် ထိရှိလာကြောင်းသိရသည်။ အခုလက်ရှိ ပြည်တွင်းကနေထွက်ရှိတဲ့ ကုန်စည်တွေကို ပြည်ပက ကုန်သည်တွေမှာယူမှု တော်တော်လေးများလာတယ်။ ဒါကြောင့်ပြည်ပကို မူဆယ်(၁၀၅)မိုင်ကနေတင်ပို့တဲ့ ကုန်တင်ကား အစီးရေပြန်ပြီးများလာ ပါတယ်ဟု ဦးဝင်းအောင်ခန့်ကပြောပြသည်။ အလားတူ ပြည်ပကထွက်ရှိသည့် စားသောက်ကုန်နှင့်လူသုံးကုန်အမျိုးမျိုးကို ပြည်တွင်းသို့ ကျင်စန်းကျော့နယ်စပ်ဂိတ်နှင့် ကျယ်ဂေါင်နယ်စပ်ဂိတ်မှတင်ပို့သည့် ကုန်တင်ကား ယခင်ကတစ်ရက်လျှင် ပျမ်းမျှအစီးရေ ၂၀၀ကျော်သာရှိသော်လည်း လက်ရှိတွင် တစ်ရက်လျှင် ကုန်တင်ကား အစီးရေ ၄၀၀ ကျော်ထိရှိကြောင်းသိရသည်။

အခုမူဆယ်ကနေ ပြည်ပကိုကုန်စည်စီးဆင်းမှု အနေအထားက အရင်ကထက် ပိုပြီးကောင်းမွန်လာပါတယ်။ လတ်တလော ဖရဲ၊ သခွားကုန်စည်ကို ပြည်ပက အဝယ်များလာတာကြောင့် ကုန်တင်ကားအစီးရေ ၈၀၀ ကျော်ရှိလာပါတယ်ဟု အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း (မူဆယ်မြို့)ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က ပြောပြ၍သိရသည်။

**Source:** https://yadanarbonnews.com/index.php/dailynews/localnews/item/2371-2022-06-16-04-19-48

## မန္တလေးကုန်စည်ဒိုင်၏ ဇွန်လဒုတိယပတ် နှမ်းသီးနှံဈေးနှုန်းမြင့်တက်လာ

စစ်ကိုင်း၊ ရွှေဘို၊ ဝက်လက်ဘက်မှ နှမ်းနက်များဝင်ရောက်၍ တရုတ်မှ ဝယ်ယူနေပြီး ကျောက်ဆည်၊ ကူမဲ၊ မြစ်သား၊ သဲတော၊ ဝမ်းတွင်းဘက်မှ နှမ်းဖြူနှင့် နှမ်းညိုများဝင်ရောက်၍ ရန်ကုန်ဝယ်လက်နှင့်ဆီစက်သမားများမှ ဝယ်ယူနေကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။ **နှမ်းနက် (စမုံ)** ၄၅ ပိဿာဝင်သုံးတင်း တစ်အိတ် ဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၁၉၅၀၀၀ မှ ၂၂၀၀၀၀ ဖြစ်ပြီး၊ ယခင်တစ်ပတ်

ကျပ် ၂၁၀၀၀၀ မှ ၂၂၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်လ ကျပ် ၁၈၀၀၀၀ မှ၂၂၀၀၀၀ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် တစ်အိတ် ကျပ် ၁၀၀၀၀ နိမ့်ကျလာပြီး ၊ ယခင်လထက်ကျပ် ၁၅၀၀၀ မြင့်တက်လာသည်။

**နှမ်းဖြူ** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၁၇၅၀၀၀ မှ ၁၈၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၆၃၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် တစ်အိတ် ကျပ် ၁၂၀၀၀ မှ ၁၇၀၀၀ မြင့်တက်လာသည်။

**နှမ်းညို** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၁၆၈၀၀၀ မှ ၁၇၀၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ် ကျပ် ၁၅၃၀၀၀ မှ ၁၅၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀၀ မြင့်တက်လာသည်။

**Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## မတ်ပဲဈေး တစ်တန် ကျပ် ၂၅၀၀၀ ခန့် ဆက်တက်နေပြီး ဆက်တက်နိုင်ဖွယ်ရှိဟုဆို



https://greenwaymyanmar.com

ဈေးဆက်တိုက်အတက်ရှိနေတဲ့ မတ်ပဲဈေးဟာ ဒီနေ့(ဇွန်-၁၅)မှာလည်း ရန်ကုန် ဘုရင့်နောင်ဈေးကွက်မှာ တစ်တန်ကို မနေ့က(ဇွန်-၁၄)ထက် ကျပ် ၂၄၅၀၀ စီ မြင့်တက်လာပါတယ်။ မတ်ပဲ(အက်ဖ်အေကျူ၊အာစီ)ကော မတ်ပဲ(အက်စ်ကျူ၊အာစီ) ကော တစ်တန်ကို ၂၄၅၀၀ ကျပ်စီ မြင့်တက်လာတာပါ။

မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရောကုန်သွယ်မှုဗဟိုဌာနရဲ့ သတင်းထုတ်ပြန်ချက်မှာတော့ ယခင်နှစ်ကာလတူ တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် အိန္ဒိယနိုင်ငံမှ မတ်ပဲဝယ်ယူတင်သွင်းမှုနည်းသွားပေမယ့် သူတို့နိုင်ငံတွင်း မတ်ပဲဈေးကျသွားခြင်းမရှိလို့ မြန်မာပြည်တွင်းမတ်ပဲဈေးနှုန်းဟာလည်း ကျဆင်းသွားတာမရှိတာဖြစ်တယ်လို့ ဆိုထားပါတယ်။

အိန္ဒိယနိုင်ငံဘက်မှ ဝယ်လိုအားပြန်ကောင်းလာရင် မတ်ပဲဈေးဆက်တက်နိုင်ဖွယ်ရှိပြီး လက်ရှိမြန်မာမတ်ပဲဈေးနှုန်းသည် မြန်မာငွေကြေးဈေးနှုန်းနှင့် ဒေါ်လာငွေလဲလှယ်မှု၊ စက်သုံးဆီဈေးနှုန်း မြင့်တက်လာမှုတို့အပေါ် မူတည်နေကြောင်းနဲ့ အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်များပြားမှုနှင့် ရာသီဥတုအခြေအနေများအရ မတ်ပဲဝယ်လိုအားပြန်ကောင်းလာနိုင်ပြီး ဈေးနှုန်းအတိုင်းအတာတစ်ခုအထိ ဆက်လက်မြင့်တက်လာနိုင်သေးတယ်လို့လည်း ရောကုန်သွယ်မှုဗဟိုဌာနက ဆိုထားပါတယ်။

ကြက်သွန်နီဈေးနှုန်းတွေကတော့ အတက်ရပ်ပြီး မနေ့က(ဇွန်-၁၄)အတိုင်းပဲရှိနေသလို ကြက်သွန်ဖြူဈေးနှုန်းတွေကလည်း မနေ့က(ဇွန်-၁၄)ဈေးနှုန်းအတိုင်းပဲ အပြောင်းအလဲမရှိပါဘူး။

ဒီနေ့(ဇွန်-၁၅)ရန်ကုန်ဘုရင့်နောင်ဈေးကွက် ကြက်သွန်နီနဲ့မတ်ပဲဈေးနှုန်းတွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် –

| | |
|---|---|
| မတ်ပဲ(အက်ဖ်အေကျူ၊အာစီ) (၂၀၂၂) (၁)တန် | 1535500 ကျပ် |
| မတ်ပဲ(အက်စ်ကျူ၊အာစီ) (၂၀၂၁) (၁)တန် | 1725500 ကျပ် |
| ကြက်သွန်နီ (ဆိပ်ဖြူရှယ်)(သစ်) (၁)ပိဿာ | 1900 ကျပ် |
| ကြက်သွန်နီ (ဆိပ်ဖြူလတ်ကြီး) (၁)ပိဿာ | 1800 ကျပ် |
| ကြက်သွန်နီ (ဆိပ်ဖြူလတ်သန့်) (၁)ပိဿာ | 1650 ကျပ် |
| ကြက်သွန်နီ(ဆိပ်ဖြူလတ်ချော) (၁)ပိဿာ | 1300 ကျပ် |
| ကြက်သွန်ဖြူ(ကြူကုတ်)(ရှယ်) (၁)ပိဿာ | 2600 မှ 2800 ကျပ် |
| ကြက်သွန်ဖြူ(အောင်ပန်း ထူး ၂) (၁)ပိဿာ | 2000 မှ 2100 ကျပ် |
| ကြက်သွန်ဖြူ(အောင်ပန်း ထူး ၃) (၁)ပိဿာ | 2600 မှ 2700 ကျပ် |
| ကြက်သွန်ဖြူ(အောင်ပန်း ထူး ၄) (၁)ပိဿာ | 3000 မှ 3400 ကျပ် |
| ကြက်သွန်ဖြူ(အောင်ပန်း ထူး ၅) (၁)ပိဿာ | 3700 မှ 3800 ကျပ် |

Source: https://greenwaymyanmar.com/posts/Blackgram_Bean_Market_Prices_June_15

## မန္တလေးဈေးကွက်အတွင်း မြေထောက်ပဲအရောင်းအဝယ်ကောင်းလာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀ ထိ ဈေးနှုန်းမြင့်တက်လာ

မန္တလေးဈေးကွက်အတွင်း မြေထောက်ပဲ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀ ထိ ဈေးနှုန်းမြင့်တက်လာကြောင်း ပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ယခုလက်ရှိ မြေထောက်ပဲများ ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်၌ပါ အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်လာကြောင်းသိရသည်။

"အခုလတ်တလော မြေထောက်ပဲကို ပြည်ပနိုင်ငံက အဝယ်များလာတယ်။ ဒါပြင့် ပြည်တွင်းဈေးကွက်ထဲမှာလဲ မြေထောက်ပဲကို ကုန်သည်တွေအဝယ်များနေတယ်။ ဒါကြောင့် မန္တလေးဈေးကွက်ထဲမှာ ဈေးနှုန်းတွေပြန်လည်မြင့်တက်လာပါတယ်" ဟု ဦးစက်မောင်ဆွေကပြောပြသည်။

ယခင်က မန္တလေးဈေးကွက်အတွင်း မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၂၀၀၀ သာပေါက်ဈေးရှိခဲ့ပြီး ယနေ့(ဇွန်-၁၅)တွင် မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ထိပေါက်ဈေးရှိခဲ့သဖြင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀ ထိ မြင့်တက်လာကြောင်းသိရသည်။

"အရင်က မန္တလေးဈေးကွက်ထဲမှာ မြေထောက်ပဲအဝယ်မလိုက်တာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုလတ်တလော ကုန်သည်တွေအနေနဲ့ မြေထောက်ပဲ ဝယ်ယူမှုတော်တော်လေးများလာပြီး သိုလှောင်တာတွေလဲရှိတာကြောင့် ဈေးနှုန်းက အတက်ဘက်ပြန်ရောက်လာတယ်" ဟု ပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## သီရိမာလာကုန်စိမ်းဈေးသို့ ဒေသအသီးသီးမှထွက်ရှိသည့်ကုန်စိမ်းများ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းမွန်နေ

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးသို့ ဒေသအသီးသီးမှ ထွက်ရှိလာသည့်ကုန်စိမ်းများ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း အဆိုပါဈေးအတွင်းရှိ ကုန်စိမ်းပွဲရုံများမှသိရသည်။

လက်ရှိဒေသအသီးသီးမှ ထွက်ရှိသည့်ကုန်စိမ်းများ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ကားအစီးရေ ၂၀ မှ ၂၅ စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ဝင်ရောက်လာသည့် ကုန်စိမ်းများဈေးအနည်းငယ်ကောင်းမွန်ကာ ဈေးကွက်အတွင်း၌ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်ကပြောပြသည်။

"သီရိမာလာကုန်စိမ်းဈေးမှာ အခုချိန် ဒေသအသီးသီးက ကုန်စိမ်းသီးနှံတွေ လှိုင်လှိုင်ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ အခုလက်ရှိ ခရမ်းချဉ်သီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးကို ငွေကျပ် ၂၂၀၀၀၊ ၂၄၀၀၀ ဈေးထိရှိနေတယ်။ ဂေါ်ဖီတစ်ထုပ်ကို ငွေကျပ် ၃၀၀၊ ၄၀၀၊ ပန်းမုန်လာတစ်ပွင့်ကို ငွေကျပ် ၄၀၀၊ ၅၀၀၊ မုန်ညင်းဖြူ တစ်ပိဿာကို ငွေကျပ် ၇၀၀၀ ကနေ ၁၀၀၀၀ ထိရှိတယ်။ ကျန်တဲ့သီးနှံတွေလဲ သူ့ဈေးနဲ့သူ အရောင်းအဝယ်ကောင်းမွန်နေပါတယ်" ဟု ဦးအောင်မိုးနိုင်ကပြောပြသည်။

လက်ရှိ သီရိမာလာကုန်စိမ်းဈေးသို့ ဒေသအသီးသီးမှ ခရမ်းချဉ်သီး၊ ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်ညင်းဖြူ၊ ခါကြက်ဥ၊ အာလူး၊ ပန်းဂေါ်ဖီစသည့် ကုန်စိမ်းသီးနှံများ နေ့စဉ်ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ညနေ ၆ နာရီထိ ပုံမှန်အတိုင်းဖွင့်လှစ်ပြီး ကိုဗစ်စည်းကမ်းချက်များနှင့်အညီ ရောင်းချပေးလျက်ရှိကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လယ်ယာများကို တခြားနည်းအသုံးပြုခွင့် လုံးဝခွင့်မပြုတော့ဘဲ စပါးအထွက်နှုန်းတိုးရန်သာ ဆောင်ရွက်သွားမည်

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လယ်ယာများကို တခြားနည်းအသုံးပြုခွင့်လုံးဝခွင့်မပြုတော့ဘဲ စပါးအထွက်နှုန်းတိုးရန်သာဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ လယ်ပျက်များပိုမိုများပြားလာပါက စပါးအထွက်နှုန်းပိုလျော့သွားနိုင်သည့်အတွက် တခြားနည်းအသုံးချမှုများကို ခွင့်ပြုမည်မဟုတ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကိုကပြောကြားသည်။

စီမံကိန်းကြီးများလုပ်ဆောင်ရန် လယ်ယာမြေများကို လယ်ပျက်စာရင်းသွင်းလာမှုများရှိလာနိုင်သည့်အတွက် သတိပေးပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ “ကျွန်တော်တို့ဒေသမှာစပါးဖူလုံမှု မရှိသေးတဲ့အတွက် တချို့နေရာတွေမှာ တခြားစီးပွားရေးလုပ်ငန်းတွေလုပ်ဖို့အတွက် လယ်တွေကို ကျွန်တော်တို့အထိမခံနိုင်ဘူး၊ တခြားနည်းအသုံးပြုခွင့်မပေးဘူး၊ ကျွန်တော်ကတော့ တိုင်းဒေသကြီးအတွင်းမှာ တခြားနည်းအသုံးပြုခွင့်လုံးဝခွင့်မပြုဘူး၊ ခွင့်ပြုလိုက်ရင် နဂိုကတည်းကမှ စပါးမဖူလုံရတဲ့အထဲ လယ်တွေပျက်သွားပြီး ပိုလျော့သွားမယ့်အနေထားဖြစ်လိမ့်မယ်”ဟု တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုမှ မေလအတွင်းကပြုလုပ်ခဲ့သည့် မျိုးစပါးပေးအပ်ပွဲတွင် ပြောကြားထားခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း စပါးမဖူလုံသည့်အတွက် ဆန်ပြတ်လပ်သွားသည့်ဖြစ်စဉ်များရှိခဲ့ကြောင်း လုပ်ငန်းရှင်များနှင့်ပူးပေါင်းကာ တိုင်းဒေသကြီးအတွင်း ဆန်စျေးတည်ငြိမ်အောင်ဆောင်ရွက်ခဲ့ရသည့် အနေထားများရှိခဲ့ကြောင်းသိရသည်။ “ကျွန်တော်အများကြီးကြုံတွေ့ဖူးတယ်၊ ကျွန်တော်ပထမသက်တမ်း ၂၀၁၀ – ၂၀၁၅ ခုနှစ်တာဝန်ယူထားစဉ် အချိန်မှာ ဆန်ပြတ်လပ်သွားခဲ့တယ်၊ ပထမတော့သယ်ယူလို့ရနေသေးတယ်၊ နောက်ပိုင်းကျတော့ ရန်ကုန်တိုင်းဒေသကြီးကလည်း သူတို့မှာလည်း ဆန်မလုံလောက်ဘူးဆိုတော့ ဆန်ဖြတ်လိုက်တဲ့အတွက် ကျွန်တော်တို့ဆီကိုဆန်မရောက်လာတော့ဘူး၊ ဧရာဝတီတိုင်းဒေသကြီးကနေ ဆန်သယ်ဖို့ ရန်ကုန်ကပိတ်လိုက်တော့ ကျွန်တော်တို့ဆန်ဝယ်လို့မရတော့ဘူး၊ အဲဒီအချိန်မှာ တင်းအတော်များများကို ရှာဖွေဝယ်ယူပြီးတော့ မြိတ်ဒေသမှာ ဆန်စျေးတည်ငြိမ်အောင် ကျွန်တော်တို့လုပ်ခဲ့ရတယ်၊ အဲဒါဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ဒေသမှာ ဆန်မဖူလုံလို့ဖြစ်တယ်”ဟု ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လယ်သမားများမှာ လယ်ပျက်စာရင်းသွားလာမှုများ၊ တမံကျိုးကာ ရေငံဝင်ရောက်လာမှုများနှင့် စိုက်ပျိုးစရိတ်ကြီးမြင့်လာသည့်အခက်အခဲများလည်း ကြုံတွေ့နေရကြောင်းသိရသည်။

အစိုးရအဖွဲ့အနေဖြင့်တိုင်းဒေသကြီးအတွင်း စပါးဖူလုံမှုရှိနေစေရန် ၃ နှစ်စီမံကိန်းရေးဆွဲကာ ဆောင်ရွက်နေကြောင်းသိရသည်။ ၂၀၂၂ ခုနှစ်တွင် စပါးစိုက်ဧက ၁၂၅၀၀၀ တွင် တစ်ဧကထွက်နှုန်း ၈၄ ဒသမ ၄၆ ရာခိုင်နှုန်း၊ အထွက်တင်းပေါင်း ၁၀၆ သိန်းခန့်လျာထားကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ် တွင်တစ်ဧကထွက်နှုန်း ၉၃.၂၉ ရာခိုင်နှုန်း၊ အထွက်တင်းပေါင်း ၁၁၇ သိန်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် တစ်ဧကထွက်နှုန်း ၁၀၀ ဒသမ ၀၇ ရာခိုင်နှုန်း၊ အထွက်တင်းပေါင်း ၁၂၅ သိန်းခန့် ရရှိရန်လျာထားကာ ဆန်ဖူလုံမှု ၁၀၉ ရာခိုင်နှုန်းရှိလာမည်ဟု မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**Source:** https://news-eleven.com/article/232482

## ဇွန် ၁၆ ရက်တွင် ကမ္ဘာ့ရွှေစျေး ၁၈၂၈ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်းရွှေစျေး ကျပ် ၂၀၆၀၀၀၀ ဝန်းကျင်သို့ရောက်ရှိ



https://news-eleven.com/article/232498

ဇွန် ၁၆ ရက်တွင် ကမ္ဘာ့ရွှေစျေး ၁၈၂၈ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်းရွှေစျေးနှုန်းမှာ ကျပ် ၂၀၅၀၀၀၀ ဝန်းကျင်ရောက်ရှိလာကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

ဇွန် ၁၆ ရက်တွင် ပြည်တွင်းရွှေစျေးနှုန်းအနေဖြင့် ၁၆ ပဲရည်အခေါက်ရွှေစျေးမှာ ကျပ် ၂၀၆၀၀၀၀ ဝန်းကျင်ရှိပြီး၊ ၁၅ ပဲရည် အခေါက်ရွှေစျေးမှာ ကျပ် ၁၉၃၉၀၀၀ ဝန်းကျင်ရှိသည်။ မတ် ၃၁ ရက်တွင် ပြည်တွင်းရွှေစျေးနှုန်းအနေဖြင့် ၁၆ ပဲရည် အခေါက်

ရွှေဈေးမှာ ကျပ် ၂၀၃၂၀၀၀ ဝန်းကျင်ရှိပြီး ၁၅ ပဲရည် ရွှေဈေးမှာ ကျပ် ၁၉၁၀၅၀၀ ဝန်းကျင်ရှိနေသည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် သြဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် သြဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်း ကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့် တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင် မြင့်တက်ခဲ့သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်၊၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံးကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ်ဧပြီတွင် ၁၅၆၈-၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃-၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀-၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉-၁၉၇၅ ဒေါ်လာ၊ သြဂုတ်တွင် ၁၈၅၉-၂၀၇၅ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၈၄၈-၁၉၇၅ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၈၅၈- ၁၉၃၃ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၇၆၄- ၁၉၆၆ ဒေါ်လာ၊ ဒီဇင်ဘာတွင် ၁၇၇၆-၁၉၀၆ ဝန်းကျင်ရှိခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/232498

## STOCK EXCHANGE (16.6.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Jun. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,700 | +200 | +2.67% | 7,700 | 7,700 | 7,700 | 48 | 369,600 | 33,109,694 | 254,945 |
| MTSH | 00002 | 2,650 | -50 | -1.85% | 2,700 | 2,700 | 2,650 | 971 | 2,603,450 | 38,929,150 | 103,162 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 8 | 62,400 | 10,400,986 | 81,128 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 100 | 1,750,000 | 2,472,053 | 43,261 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 19,977,223 | 50,942 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

## Market summary

As of 16th Jun. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.98 | +2.69 | +0.76% | 353.29 | 357.10 | 353.29 | 1,127 | 4,785,450 | 7 | 619,266 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 16th Jun. 2022

| MYANPIX | 355.98 ▲ 2.69 |
|---|---|
| Total Volume (shares) | 1,127 |
| Total Value (MMK) | 5 mil |
| Listed Company | 7 |
| Market Cap. (MMK) | 619,266 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,700 | ▲ 200 |
| MTSH | 00002 | 2,650 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |